# Information Sheet



Volume III, Issue 57 | 14 August 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားများပြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကားပြောကြား | ၈ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား | ၁၀ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား | ၁၃ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၁၅ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေး | ၂၂ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား | ၂၄ |
| ၉ | ( ၈) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ | ၂၆ |
| ၁၀ | နိုင်ငံတကာကုန်စည်ပြပွဲများတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ | ၂၈ |
| ၁၁ | ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ ထောက်ပံ့ပစ္စည်းများပေးအပ် | ၂၉ |
| ၁၂ | မြဝတီ-ကော့ကရိတ်အာရှလမ်းမကြီး မြေပြိုကျမှုကြောင့် ပျက်စီးသွားသောလမ်းပိုင်းအား ယာယီဘေလီတံတား တစ်လအတွင်း တည်ဆောက်သွားမည် | ၃၂ |
| ၁၃ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၃၃ |
| ၁၄ | PDF အကြမ်းဖက်သမားများ၏ ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင် | ၃၄ |
| ၁၅ | CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဖလမ်းမြို့ရှိ နယ်မြေခံ တပ်ဌာနချုပ်သို့ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်၊ အရာရှိ၊ စစ်သည်များ၏ စနစ်တကျခုခံတိုက်ခိုက်မှုကြောင့် ထိခိုက်အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေး | ၃၈ |
| ၁၆ | PDF အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ်၊ ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နယ်ငယ်များ၊ Drop Bomb များဖြင့် အကြောင်းမဲ့တိုက်ခိုက် | ၄၀ |
| ၁၇ | PDF အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ်၊ မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား အကြောင်းမဲ့မီးရှို့ဖျက်ဆီး | ၄၁ |

# Information Sheet

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ နေ့စဉ်လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားများပြား



ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ်လ ၈ ရက်မှ စတင်၍ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အများပြည်သူရုံးပိတ်ရက်များတွင် သာမက နေ့စဉ်နေ့တိုင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံမကျ အထူးစည်ကားများပြားလျက်ရှိပါသည်။

- ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ခဲ့။
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျောက်စာရုံစေတီတော် အဆူ ၇၂၀ နှင့် မုစလိန္ဒကန်၊ နဂါးရုံဘုရား တို့ကိုလည်း ဘုရားဖူးလာပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြ။
- ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ တည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း ဘုရားဖူးလာပြည်သူများအနေဖြင့် မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ခဲ့ရ။



- ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိ။
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းခဲ့။
- တာဝန်ရှိသူများက ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျ ပို့ဆောင်ပေးခဲ့။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအနေဖြင့် ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၈-၂၀၂၃)**

- **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ်လ ၈ ရက်မှစတင်၍ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အများပြည်သူရုံးပိတ်ရက်များတွင်သာမက နေ့စဉ်နေ့တိုင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံမကျ အထူးစည်ကားများပြားလျက်ရှိ။**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား  လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်းကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား  လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်းကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်းကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား  လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်းကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ







မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား  ညချမ်းအချိန်တွင် လာရောက်ဖူးမြော်ကြည်ညိုကြသည့်
အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်းကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် တိုင်းဥက္ကဋ္ဌများအား ဩဂုတ်လ ၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ၌-

- အစိုးရတစ်ရပ်၏တာဝန်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့ကျသည့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း။
- ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပေးရန်လိုသကဲ့သို့ အခြားလိုအပ်သော မှန်ကန်သည့်တွေးခေါ်မှုနှင့် အသိအမြင်များ ရရှိရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း။
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော သေချာခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- လူနည်းစု၏အကျိုးစီးပွားထက် လူအများစု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်ရန်လိုကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။
- MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှု များတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ ဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း။
- ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။

- မိမိတို့နိုင်ငံသားများအား မိမိတို့၏နိုင်ငံတွင်း၌ပင် နိုင်ငံတော်၏အရိပ်အာဝါသအောက်၌ လုံခြုံစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- နိုင်ငံ့စီးပွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးအနေဖြင့် အမှန်တကယ် အောင်မြင်မှုရှိစေရေး၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေး လက်တွေ့ကျကျ ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ တင်သွင်းပေးလျက်ရှိမှုကို ရှင်းလင်းတင်ပြပြီးနောက် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးထားမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင်-

- တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဒေသစီးပွားရေးတိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအားလုံးက ဝိုင်းဝန်းတွန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း။
- မိမိတို့နိုင်ငံ၏အနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေး ထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများသာမက မိဘများနှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် မှာကြားခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၃)**

- **အစိုးရတစ်ရပ်၏တာဝန်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့ကျသည့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လို။**
- **ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပေးရန်လိုသကဲ့သို့ အခြားလိုအပ်သော မှန်ကန်သည့်တွေးခေါ်မှုနှင့် အသိအမြင်များ ရရှိရေးအတွက်လည်း သင်ကြားပေးရန်လို။**

- လူနည်းစု၏အကျိုးစီးပွားထက် လူအများစု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်ရန်လိုကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို။
- MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ ဒေသ၏လူမှု စီးပွားဘဝများ တိုးတက်လာမည်ဖြစ်။
- ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခု ဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို။
- မိမိတို့နိုင်ငံသားများအား မိမိတို့၏နိုင်ငံတွင်း၌ပင် နိုင်ငံတော်၏အရိပ်အာဝါသအောက်၌ လုံခြုံစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနိုင်ရမည်ဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်လ ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား အစိုးရအဖွဲ့ရုံး ဧည့်ရိပ်သာ၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင်-

- ဧရာဝတီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှု မြင့်မားမှုရှိသည်ကို တွေ့ရှိရပြီး အရည်အသွေးကောင်းသည့် စပါးမျိုးများကို ပိုင်ဆိုင်ထားကြောင်း။
- ပညာရေးနှင့်ပတ်သက်၍လည်း ကျောင်းတက်ရောက်သူဦးရေ အများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာ အထက်တန်းကျောင်းများကို ခရိုင် ၅၀ ခု၌ ဖွင့်လှစ်ထားရှိကာ ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် မြို့မိ၊ မြို့ဖများအနေဖြင့်လည်း မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးပြောကြားကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများက ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် တိုက်ရိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခွင့်ရသည်မျိုးမှာ ယခင်က မရှိခဲ့ပါကြောင်း၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် အောက်ခြေထိဆင်း၍ အကွက်ကျကျ ဆောင်ရွက်နေသဖြင့် အားကိုးဂုဏ်ယူမိပါကြောင်းနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-



- ဒေသတွင်း၌ ရှိပြီးဖြစ်သည့် မျိုးရင်းများ မပျောက်ကွယ်စေရေးနှင့် အရည်အသွေး ကျဆင်းမှုမရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်း။
- ဧရာဝတီတိုင်းဒေသကြီးသည် ငါးမွေးမြူရေးပြုလုပ်ရန် ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်ကြောင်း၊ အဆင့်မြင့်ငါးထုတ်ကုန်များကို ရောင်းချနိုင်မည့် ဈေးကွက်သည်လည်း ရှိပြီးဖြစ်ကြောင်း။
- နွားမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေ တွင်ရှိပြီးဖြစ်သဖြင့် တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ဒေသနှင့်တိုင်းပြည်အတွက် များစွာ အကျိုးရှိစေမည်ဖြစ်ကြောင်း။
- အထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေဩဇာများစွာ ထည့်သွင်းအသုံးပြုခြင်းသည် မူလမျိုးကောင်းမျိုးသန့်များ၏ အရည်အသွေးကို ထိခိုက်လာစေသည်ကို တွေ့ရှိရသဖြင့် သဘာဝမြေဩဇာကို အတတ်နိုင်ဆုံးသုံးစွဲခြင်းဖြင့် မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လိုကြောင်း။
- စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမွန်ရမည်၊ မြေအရည်အသွေး ကောင်းမွန်အောင် စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေ၊ အောင်ရေလုံ လောက်စွာ ရရှိနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အထက်ပါ အချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။
- ပုသိမ်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များ ဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိကြောင်း။
- ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးတွင် စံနမူနာပြတိုင်းဒေသကြီးအဖြစ် ဖော်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပုသိမ်မြို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ ပြီးနောက် ဇနီးဒေါ်ကြူကြူလှနှင့်အတူ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေ





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ ပုသိမ်မြို့ ရွှေမုဋ္ဌော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုနေမှု**

များနှင့် စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပါယ်ဖွယ်ဖြစ်စေရေး အမြဲမပြတ် ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်း အရောင်းဆိုင်များအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၈-၂၀၂၃)**

- **မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာ အထက်တန်းကျောင်းများကို ခရိုင် ၅၀ ခု၌ ဖွင့်လှစ်ထားရှိကာ ဆက်လက်တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်။**
- **ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် တိုက်ရိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြော ကြားခွင့်ရသည်မျိုးမှာ ယခင်က မရှိခဲ့၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် အောက်ခြေထိဆင်း၍ အကွက်ကျကျ ဆောင်ရွက်နေ သဖြင့် အားကိုးဂုဏ်ယူမိ။**
- **ဒေသတွင်း၌ ရှိပြီးဖြစ်သည့် မျိုးရင်းများ မပျောက်ကွယ်စေရေးနှင့် အရည်အသွေး ကျဆင်းမှုမရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်နေရန်လို။**
- **အထွက်နှုန်းကောင်းမွန်ရေးအတွက် ဓာတ်မြေဩဇာများစွာ ထည့်သွင်းအသုံးပြုခြင်းသည် မူလမျိုးကောင်း မျိုးသန့်များ၏ အရည်အသွေးကို ထိခိုက်လာစေသည်ကို တွေ့ရှိရသဖြင့် သဘာဝမြေဩဇာကို အတတ်နိုင်ဆုံးသုံးစွဲခြင်းဖြင့် မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လို။**
- **ပုသိမ်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၁၁ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ရာတွင်-

- လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။
- ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှု အခြေအနေများနှင့် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့။
- နိုင်ငံ၏ အနာဂတ်တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး အနာဂတ်တိုင်းပြည်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၏ ဆိုလိုချက်နှင့် မျှော်မှန်းချက်များကို သဘောပေါက်နားလည်ကြရန်နှင့် မိမိတို့ တတ်နိုင်သည့်ဘက်မှ လိုက်နာအကောင်အထည်ဖော်ဆောင်ကြရန်လိုကြောင်း။
- နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကို ကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း အခြေအနေများအရ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက် နက်ကိုင် ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်နေမှု**

စည်းစိမ် လုံခြုံရေးတွင် အတူတကွပူးပေါင်း၍ တာဝန် ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း။

- အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးချင်း၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး အားလုံးမှ ဝိုင်းဝန်းကြိုး ပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ၊ တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေ များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပါသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင် စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစု များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပုသိမ်တပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များအတွင်း လှည့်လည်ကြည့်ရှုစစ် ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၈-၂၀၂၃)**

- **အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင် ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိ။**
- **နိုင်ငံ၏ အနာဂတ်တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး အနာဂတ် တိုင်းပြည်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်။**
- **အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၏ ဆိုလိုချက်နှင့် မျှော်မှန်းချက် များကို သဘောပေါက်နားလည်ကြရန်နှင့် မိမိတို့တတ်နိုင်သည့်ဘက်မှ လိုက်နာအကောင်အထည်ဖော်ဆောင် ကြရန်လို။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု

- နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကို ကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများ ကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့ နိုင်ငံ၏ သမိုင်းကြောင်း အခြေအနေများအရ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတွင် အတူတကွပူး ပေါင်း၍ တာဝန်ထမ်းဆောင်နေရခြင်းဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဩဂုတ်လ ၁၁ ရက်တွင် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့၊ ကိုးသိန်းအားကစားပြိုင်ကွင်းသို့ ရောက်ရှိကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်ကြောင်း။
- အားကစားအဆင့်အတန်း ကောင်းမွန်အဆင့်မြင့်လာစေရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများသည်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု**

သတ်မှတ်ထားသည့် အဆင့်အတန်းမီရန်လိုကြောင်း မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်း၊ ကျောက်တိုင်အားကစားကွင်းနှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆင့်မြင့် ရေကူးကန်တည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်စစ်ဆေး၍ ရေကိုအကျိုးမဲ့ သုံးစွဲမှု မရှိစေရေး ပြည်သူများကို အသိပညာပေး ဆောင်ရွက်ရန်လိုကြောင်း၊ ပုသိမ်မြို့သည် မိုးများသည့်ဒေသဖြစ်သဖြင့် မိုးရေကို စုဆောင်းသိုလှောင်၍လည်း အသုံးပြုနိုင်ကြောင်း၊ ရေသန့်စင်စက်ရုံအနီး မြစ်ကြောင်းအတွင်း သဲနုန်းတင်ခြင်းများကို လျှော့ချနိုင်ရန်အတွက် ကမ်းပါးများအနီး၌ သစ်ပင်များကို တတ်နိုင်သမျှ စိုက်ပျိုးထိန်းသိမ်းရန်လိုကြောင်းဖြင့် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

အဆိုပါ ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ငဝန်မြစ်အတွင်းမှရေများကို တစ်ရက်လျှင် ရေဂါလံ ၄ ဒသမ ၅ သန်းကို သန့်စင်ပေးနိုင်ပြီး ယခုအခါ ပုသိမ်မြို့ အတွင်းသို့ ရေပိုက်လိုင်းများသွယ်တန်း၍ သက်သာသောဈေးနှုန်းဖြင့် နေ့စဉ်ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၈-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့။**
- **အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်။**
- **ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းအနေဖြင့် ငဝန်မြစ်အတွင်းမှရေများကို တစ်ရက်လျှင် ရေဂါလံ ၄ ဒသမ ၅ သန်းကို သန့်စင်ပေးနိုင်ပြီး ယခုအခါ ပုသိမ်မြို့အတွင်းသို့ ရေပိုက်လိုင်းများသွယ်တန်း၍ သက်သာသောဈေးနှုန်းဖြင့် နေ့စဉ်ရေများ ဖြန့်ဝေပေးလျက်ရှိ။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆင့်မြင့်ရေကူးကန် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရေသန့်စင်စက်ရုံ၌ ရေများအဆင့်ဆင့် သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဩဂုတ်လ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) သို့ သွားရောက်၍ စက်ရုံစတင်ဖွင့်လှစ်လည်ပတ်ခြင်း အခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း) တို့အား






စက်မှုဝန်ကြီးဌာနမှ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ လွှဲပြောင်းရယူဆောင်ရွက်ခဲ့မှု၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်အမှာစကားပြောကြားရာ၌-

- အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့ အနေဖြင့် ယခင်က လုပ်ငန်းလည်ပတ်ခဲ့ပြီးဖြစ်သည့် စက်ရုံများဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းလည်ပတ်မှုများ ရပ်တန့်ခဲ့ရကြောင်း၊
- ယခုစက်ရုံစုသည် စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊
- ခေတ်ကာလ၏ အခြေအနေအရ Online မီဒီယာအသုံးပြုမှု ပိုမိုများပြားလာပြီး Printed မီဒီယာပိုင်း အားနည်းချက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊
- သတင်းစာစက္ကူလိုအပ်ချက်များမှာ ယခင်ကထက်လျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း နေ့စဉ်ထုတ်သတင်းစာများသည် သမိုင်းကို ဖော်ပြနေခြင်းဖြစ်သဖြင့် နိုင်ငံတိုင်းတွင် သတင်းစာများကို နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေရဆဲဖြစ်ပြီး သတင်းစာစက္ကူ လိုအပ်ချက်သည်လည်း အမြဲမပြတ် ရှိနေမည်ဖြစ်ကြောင်း၊
- စက်ရုံရပ်နားထားသည့်အချိန်အတွင်း ယခင်က ထုတ်လုပ်ခဲ့သည့် သတင်းစာစက္ကူများကို ကြည့်ရှုစစ်ဆေးခဲ့ရာ အရည်အသွေးများစွာ ကောင်းမွန်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာထုတ်လုပ်ခြင်း၌သာမက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်မှုများအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊
- စက္ကူလိုအပ်ချက်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲနေရမှုကို များစွာလျော့နည်းသွားစေမည်ဖြစ်ကြောင်း၊
- ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြင့်တင်နိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြည်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေပြီး ယခုစက်ရုံမှ စက္ကူထုတ်လုပ်မှုများ ဆက်လက်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့။

သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်လည်ပတ်ခြင်းအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- သာပေါင်းသဘာဝဓာတ်ငွေ့ထိန်းသိမ်းဖြန့်ဖြူးရေးစခန်း၌ ကျင်းပပြုလုပ်သည့် သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Sta



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူများက စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု**

tion ဖွင့်ပွဲ၌ ခါတ်ငွေ့ပိုက်လိုင်းဘားကို လှည့်၍ ဖွင့်လှစ်ပေးပြီး သဘာဝဓာတ်ငွေ့ထိန်းသိမ်း ဖြန့်ဖြူးရေးစခန်းအတွင်း လှည့်လည်၍ Filtration System၊ Pressure Regulation System၊ Metering System တို့ဖြင့် ထိန်းသိမ်းဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့။

- သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့။

- Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ကို စတင်စက်လည်ပတ်စေခဲ့ပြီး စက်ရုံအတွင်းလှည့်လည်၍ Chip Preparation Plant၊ Paper Making Plant ၊ Finishing Section တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့။

- သတင်းစာစက္ကူစက်ရုံ (သာပေါင်း)မှ ပထမဦးဆုံး ထွက်ရှိလာသည့် သတင်းစာစက္ကူပေါ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေးတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနည်းပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းကို လက်ဆောင်ပေးအပ်ခဲ့။

- အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုပြီး အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများနှင့်အတူ နေ့လည်စာကို အတူတကွ သုံးဆောင်ခဲ့။

နေ့လည်စာမသုံးဆောင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့် ဆိုရိုးစကားနှင့်အညီ စာပေသည် လူ့ဘဝတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပြီး စာပေများကို ဖတ်ရှုနိုင်ရေးအတွက် စာများပုံနှိပ်ထုတ်ဝေရန် စက္ကူများသည် မဖြစ်မနေ လိုအပ်ကြောင်း။

- မြန်မာနိုင်ငံ၌ စက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများစွာရှိပြီး ဖြစ်သည့်အတွက် စက္ကူထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရေး ယခုစက်ရုံကိုပြန်လည် လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

- သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ပြန်လည် လည်ပတ်နိုင်ခြင်းသည် နိုင်ငံ၏ စက်မှုကဏ္ဍကို အသစ်တဖန်ဆန်းသစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့။

အဆိုပါ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်၍ စက္ကူများထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်သည့်စက္ကူလို အပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံခြားငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၈-၂၀၂၃)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ကို စတင်စက်လည်ပတ်စေခဲ့မှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာ စက္ကူစက်ရုံ(သာပေါင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့။

- Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ကို စတင်စက်လည်ပတ်စေခဲ့ပြီး စက်ရုံအတွင်းလှည့်လည်၍ Chip Preparation Plant၊ Paper Making Plant ၊ Finishing Section တို့၏ လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့။

- ယခုစက်ရုံစုသည် စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်။

- သတင်းစာစက္ကူလိုအပ်ချက်များမှာ ယခင်ကထက်လျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း နေ့စဉ်ထုတ် သတင်းစာများသည် သမိုင်းကို ဖော်ပြနေခြင်းဖြစ်သဖြင့် နိုင်ငံတိုင်းတွင် သတင်းစာများကို နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေရဆဲဖြစ်ပြီး သတင်းစာစက္ကူ လိုအပ်ချက်သည်လည်း အမြဲမပြတ် ရှိနေမည်ဖြစ်။

- မြန်မာနိုင်ငံ၌ စက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများစွာရှိပြီးဖြစ်သည့်အတွက် စက္ကူထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရေး ယခုစက်ရုံကိုပြန်လည် လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်။

- သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ပြန်လည် လည်ပတ်နိုင်ခြင်းသည် နိုင်ငံ၏ စက်မှုကဏ္ဍကို အသစ်တဖန် ဆန်းသစ်နိုင်ခဲ့ခြင်းပင်ဖြစ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဓာတ်ငွေ့ပိုက်လိုင်းဘားကို လှည့်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ကိုဖွင့်လှစ်ပေးနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စက်ရုံဝန်ထမ်းများအား နေ့လယ်စာ မသုံးဆောင်မီ လမ်းညွှန်မှာကြားနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေး





ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ဩဂုတ်လ ၁၃ ရက်တွင် ရန်ကုန်မြို့နယ်၊ မြဝတီမီဒီယာစင်တာရှိ Theatre ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ဖျော်ဖြေပွဲအခမ်းအနားတွင် နိုင်ငံတော်သံစုံတီးဝိုင်းမှ နိုင်ငံတော်သီချင်းကို တီးမှုတ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက မတ်တပ်ရပ်အလေးပြုကြပါသည်။ ဆက်လက်ပြီး ASEAN Anthem သံစဉ်နှင့် နိုင်ငံတော်သံစုံတီးဝိုင်း၏ ပဏာမတေးသွား(MNSO Overture) တို့ကိုလည်းကောင်း၊ တူရိယာအမျိုးအစားများအလိုက် တီးမှုတ်တင်ဆက်၍လည်းကောင်း နိုင်ငံတော်သံစုံတီးဝိုင်း အဖွဲ့သားများက ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး နိုင်ငံတော် သံစုံတီးဝိုင်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက မြန်မာသံစဉ်များ၊ ခေတ်ပေါ်သံစဉ်များနှင့် နိုင်ငံတကာကမ္ဘာကျော်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး လက်ဖက်ရည်ဝိုင်းတွင် အတူတကွသုံးဆောင်ကြကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပါသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာရပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်များ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၈-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု

- ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ရန်ကင်းမြို့နယ်၊ မြဝတီမီဒီယာစင်တာရှိ Theatre ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံကျော်အနုပညာရှင်များနှင့်အတူ လက်ဖက်ရည်ဝိုင်းတွင် အတူတကွသုံးဆောင်နေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၁ ရက်တွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင်-

- အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က စတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ်ရည်ရွယ်ချက်ကောင်းများစွာနှင့် ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း။
- ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ ၅ နှစ်တာ ကာလအတွင်း အကြောင်းပြချက် အမျိုးမျိုးဖြင့် ယခင် ပြည်ထောင်စုအစိုးရမှ ကျင်းပပေးနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း။

- ထိုသို့ကြာမြင့်ချိန်ကာလအတွင်း ပြိုင်ပွဲအချို့ မြန်မာ့ရိုးရာယဉ်ကျေးမှု ပညာရပ်များနှင့် ကင်းကွာစပြုလာသလို သဘာရင့်ဝါရင့် သက်ကြီးပညာရှင်အချို့ တိမ်းပါး ကွယ်လွန်ခဲ့ခြင်းများလည်းရှိခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်တွင်ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် နိုင်ငံတော်ဝန်ကြီးချုပ်က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့ကြောင်း။
- ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအနေဖြင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ရွက်ပုန်းသီးအနုပညာရှင်များစွာ ပေါ်ထွက်လာမှုနှင့်အတူ အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း။
- မြင့်မားသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်ပြည်စုံသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ထိုနိုင်ငံ၏ သမိုင်းနှင့်ချီပြီး ရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာ ဒြပ်ရှိဒြပ်မဲ့ အထောက်အထားများအပြင် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမ အစဉ်အလာများသည် အဆိုပါနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကသွင်ပြင်လက္ခဏာများပင်ဖြစ်ကြောင်း။
- နိုင်ငံတော်က ဦးတည်ချက်ချမှတ်ပြီး အလေးအနက်ထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ (၂၄) ကြိမ်မြောက် ပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး နှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းကြောင်း။
- (၂၃) ကြိမ်မြောက်ပြိုင်ပွဲမှ အားနည်းချက်များကို သင်ခန်းစာယူ၍ အားသာချက်များ အဖြစ်ပြောင်းလဲကာ ပြိုင်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ယခင်ပြိုင်ပွဲ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ယခုပြိုင်ပွဲကျင်းပမည့် အစီအမံများနှင့် ဆုချီးမြှင့်မည့် အခြေအနေများ၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့် ပါတ်သတ်၍ ဆွေးနွေးတင်ပြခဲ့ကြပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၁၂-၈-၂၀၂၃)**

- **အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်ကစတင်ပြီး ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်ကျင်းပပြုလုပ်ခဲ့။**
- **၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်း အဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် နိုင်ငံတော်ဝန်ကြီးချုပ်က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ များကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့။**

- မြင့်မားသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ ထိုနိုင်ငံ၏ သမိုင်းနှင့်ချီပြီး ရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာ ဒြပ်ရှိဒြပ်မဲ့အထောက်အထားများအပြင် အဆင့်ဆင့် ပြောင်းလဲ တိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမ အစဉ်အလာများသည် အဆိုပါနိုင်ငံ၏ ထူးခြား ပေါ်လွင်သည့် အဓိကသွင်ပြင်လက္ခဏာများပင်ဖြစ်။
- (၂၃) ကြိမ်မြောက်ပြိုင်ပွဲမှ အားနည်းချက်များကို သင်ခန်းစာယူ၍ အားသာချက်များ အဖြစ်ပြောင်းလဲကာ ပြိုင်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလို။

## ( ၈)ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ




(၈) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (8th ASEAN Ministerial Meeting on Drug Matters - AMMD)ကို ဩဂုတ်လ ၁၀ ရက် မှ ၁၁ ရက်အထိ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က-

- မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန် ဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုတို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း။
- ဘိန်းစိုက်ပျိုးရာဒေသများ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်း နိုင်ငံများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရနိုင်သဖြင့် နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း နိုင်ငံရေးရာယုက်မှုများ ကင်းရှင်းစွာ သတင်းအချက်အလက်

ဖလှယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

- ယခုအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အတွေ့အကြုံကောင်းများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ အနာဂတ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံအသိုက်အဝန်းဖြစ်စေရေး အားလုံးအတူတကွ လက်တွဲကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

အစည်းအဝေး၌ အာဆီယံကိုယ်စားလှယ်ခေါင်းဆောင်များက (၆၇) ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်(CND)အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်နှင့်ပတ်သက်၍ ဆွေးနွေးမှုများ၊ အာဆီယံ၏ လတ်တလော မူးယစ်ဆေးဝါးအခြေအနေများ၊ (၄၄)ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့်နောက်ဆက်တွဲ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်း စီမံချက် (၂၀၁၆-၂၀၂၅) နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်း ဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေး ခဲ့ပါသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol. Gen. Vilay Lakhamfong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Bilateral တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်နားလည်မှုစာချွန်လွှာအရ နှစ်စဉ်အပြန်အလှန် အစည်းအဝေးများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်၊ နှစ်နိုင်ငံ နယ်စပ်ဒေသထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုနှင့် လိမ်လည်ရာဇဝတ်မှုများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားတို့အား အမြန်ဆုံးပြန်လည်ဖွင့်လှစ်၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၈-၂၀၂၃)**

- **မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း ဆောင် ရွက်၍မရနိုင်သဖြင့် နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံရေးရာယုံကြည်မှုများ ကင်းရှင်းစွာ သတင်းအချက်အလက်ဖလှယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် လိုအပ်မည်ဖြစ်။**
- **အစည်းအဝေး၌ အာဆီယံကိုယ်စားလှယ်ခေါင်းဆောင်များက ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) နှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ခြင်း ဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့။**
- **မြန်မာနှင့် လာအိုကိုယ်စားလှယ်အဖွဲ့တို့ Bilateral တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ နှစ်နိုင်ငံ နယ်စပ်ဒေသထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု နှင့် လိမ်လည်ရာဇဝတ်မှုများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားတို့အား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ ဆောင်ရွက်ရန်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# နိုင်ငံတကာကုန်စည်ပြပွဲများတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ



နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာ့ပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြည်ပနိုင်ငံများသို့ စီးပွားရေးသံမှူးများ စေလွှတ်ခြင်းအပြင် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများ၌ မြန်မာလုပ်ငန်းရှင်များပါဝင်ပြသနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိပါသည်။

- ကာတာနိုင်ငံ ဒိုဟာမြို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်အထိ ၆ လကြာ ကျင်းပမည့် "Horticultural Expo 2023"တွင် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းဆောင်ပါဝင်ပြသသွားမည်ဖြစ်။
- အိန္ဒိယနိုင်ငံ India Expo Center & Mart,Greater Noida, Delhi NCR တွင် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည် 2nd Khilona-India Toys & Games Fair -2023 ပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး က ပြပွဲများတွင် မြန်မာပြခန်းဆောင်ဒီဇိုင်းရေးဆွဲထားမှု၊ ပြပွဲကာလအတွင်း ထည့်သွင်းကျင်းပမည့် အစီအစဉ်များနှင့် ပြပွဲတွင် မြန်မာပြခန်းဆောင် အောင်မြင်စွာ ပါဝင်ပြသနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၈-၂၀၂၃)**

- **ကာတာနိုင်ငံ ဒိုဟာမြို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်အထိ ၆ လကြာ ကျင်းပမည့် "Horticultural Expo 2023"နှင့် အိန္ဒိယနိုင်ငံတွင် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည် 2nd Khilona-India Toys & Games Fair -2023 ပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ။**

## ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ ထောက်ပံ့ပစ္စည်းများပေးအပ်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကျုံဒိုးမြို့နှင့် လှိုင်းဘွဲ့မြို့တို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သွားရောက်အားပေးစကားပြောကြားခဲ့ပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေး အပ်ခဲ့ပါသည်။

ထိုသို့ ပေးအပ်ရာတွင် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၉ ခုမှ အိမ်ထောင်စု ၇၀၄ စု၊ လူဦးရေ ၃,၄၇၀ ဦး အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၁,၂၃၀,၀၀၀ နှင့် ငွေကျပ် ၂,၂၆၂,၁၄၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ ကျုံဒိုးမြို့ရှိ ရေဘေးကယ် ဆယ်ရေးစခန်း ၃ ခုမှ အိမ်ထောင်စု ၁၇၂ စု၊ လူဦးရေ ၇၅၂ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၆,၇၆၈,၀၀၀ နှင့် ငွေကျပ် ၈၄၂,၂၄၀ ကျပ်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ နှင့် လှိုင်းဘွဲ့မြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခုမှ အိမ်ထောင်စု ၉၉၀ စု၊ လူဦးရေ ၄,၇၂၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၉,၆၇၃,၂၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ခဲ့ပါသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ ဩဂုတ်လ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ဩဂုတ်လ ၁၀ ရက်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ယာယီ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို ပဲခူးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၈-၂၀၂၃)**

ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့၊ ကျုံဒိုးမြို့နှင့် လှိုင်းဘွဲ့မြို့တို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား သွားရောက်အားပေးစကား ပြောကြားခဲ့ပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့။
- ပဲခူးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့။

# မြဝတီ-ကော့ကရိတ်အာရှလမ်းမကြီး မြေပြိုကျမှုကြောင့် ပျက်စီးသွားသော လမ်းပိုင်းအား ယာယီဘေလီတံတား တစ်လအတွင်း တည်ဆောက်သွားမည်






ကရင်ပြည်နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ရေ၊ ချောင်းရေ လျှံခြင်း၊ မြေပြိုကျခြင်းများဖြစ်ပေါ်ခဲ့ရာ ဩဂုတ်လ ၇ ရက်တွင် မြဝတီ–ကော့ကရိတ် အာရှကားလမ်းမကြီး၊ တောနော်ရေတံခွန်အနီး မိုင်တိုင်အမှတ် (၁၄၉) နှင့် (၁၅၀) အကြား နေရာ၌ ကားလမ်းအောက်ခံမြေသား အကျယ် ၃၃ ပေရှိ ကတ္တရာခင်း ကားလမ်းအရှည် ၁၅၀ ပေ ခန့်သည် ပွဲ့ကျပျက်စီးခဲ့သဖြင့် ယာဉ်သွားလာမှုများအား ယာယီရပ်ဆိုင်းထားခဲ့ရပါသည်။

အဆိုပါ အာရှလမ်းမကြီးမြေပြိုမှုနဲ့ပတ်သက်၍ ဩဂုတ်လ ၉ ရက်တွင် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများပူးပေါင်း၍ အာရှလမ်းမြေသားပြိုကျသည့်နေရာတွင် တစ်လအတွင်း ယာယီဘေလီတံတားထိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လမ်းပန်းပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် လမ်းပြတ်ကျရာနေရာ၏ တစ်ဖက်တစ်ချက်စီတွင် ပေ (၃၀၀) ချဉ်းကပ်လမ်းသစ်ကို တောင်ဖြတ်ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပင်မလမ်းမကြီးပျက်စီးမှုများကိုမူ ပွင့်လင်းရာသီရောက်သည့်အခါတွင် တံတားဦးစီးဌာနမှ ဖြစ်ပေါ်လာနိုင်သည့် ရေအားပမာဏကိုတွက်ချက်ပြီး ရေထွက်ပြွန် (Culvert) သို့မဟုတ် တံတား(Bridge) တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြဝတီ-ကော့ကရိတ်အာရှလမ်းမကြီးသည် ထိုင်း-မြန်မာ ကုန်စည်စီးဆင်းရာ အဓိကလမ်းကြောင်းထဲတွင်ပါဝင်နေပြီး ကုန်တင်ယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် လမ်းဖြစ်သည့်အပြင် မြဝတီမြို့နှင့်ရန်ကုန်မြို့သို့ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ၊ အိမ်စီးယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံမှစားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ သစ်သီးနှင့်အခြားပစ္စည်းများ တင်သွင်းနေသော လမ်းပိုင်းဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၃)**

- **မြဝတီ–ကော့ကရိတ် အာရှကားလမ်းမကြီး မြေသားပြိုကျသည့်နေရာတွင် တစ်လအတွင်း ယာယီဘေလီတံတား ထိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လမ်းပန်းပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် လမ်းပြတ်ကျရာနေရာ၏ တစ်ဖက်တစ်ချက်စီတွင် ပေ (၃၀၀) ချဉ်းကပ်လမ်းသစ်ကို တောင်ဖြတ်ဖောက်လုပ် ဆောင်ရွက်သွားမည်ဖြစ်။**
- **ပင်မလမ်းမကြီး ပျက်စီးမှုများကိုမူ ပွင့်လင်းရာသီရောက်သည့်အခါတွင် တံတားဦးစီးဌာနမှ ဖြစ်ပေါ်လာနိုင်သည့် ရေအားပမာဏကို တွက်ချက်ပြီး ရေထွက်ပြွန် (Culvert) သို့မဟုတ် တံတား(Bridge) တည်ဆောက်သွားမည်ဖြစ်။**




**လမ်းမြေပြိုကျနေရာတွင် ယာယီရှောင်ကွင်းလမ်းနှင့် ဘေလီတံတား ထိုးမည့်အစီအမံပြ ကောင်းကင်ဓာတ်ပုံ**

---

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ ကျင်းပခဲ့ရာ-

- ဩဂုတ်လ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၀ ဦးတို့သည် ၎င်းတို့နှင့်အတူ လက်လုပ်ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၉ မမကျည် ၅ တောင့်တို့အား အပ်နှံခဲ့။
- တာဝန်ရှိသူများက လက်နက်/ခဲယမ်းပါရှိမှုအတွက် ဆုကြေးငွေများ ပြန်လည်ပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေး ထုတ်ပြန်ထားပြီး ဩဂုတ်လ ၁၁ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာသူ PDF အဖွဲ့ဝင် အမျိုးသား ၄၈၁ ဦးနှင့် အမျိုးသမီး ၁၃၉ ဦး၊ စုစုပေါင်း ၆၂၀ ဦး ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၈-၂၀၂၃)**



မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်နေမှု

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ PDF အဖွဲ့ဝင် အမျိုးသား ၁၀ ဦးတို့သည် ၎င်းတို့နှင့်အတူ လက်လုပ်ပစ္စတို ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၉ မမကျည် ၅ တောင့်တို့အား အပ်နှံခဲ့ရာ တာဝန်ရှိသူများက ဆုကြေးငွေများ ပြန်လည်ပေးအပ်ခဲ့။**
- **ဩဂုတ်လ ၁၁ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၄၈၁ ဦးနှင့် အမျိုးသမီး ၁၃၉ ဦး၊ စုစုပေါင်း ၆၂၀ ဦးရှိပြီဖြစ်။**

## PDF အကြမ်းဖက်သမားများ၏ ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်

NUG ၊ CRPH တို့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ရွာများမှ ၎င်းတို့၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသော နိုင်ငံ့ဝန်ထမ်းနှင့် ကျေးရွာသူ/သား၊ စုစုပေါင်း ၃၀ ဦးအား ဩဂုတ်လ ၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာရှိ နေအိမ် ၂ လုံးအတွင်းမှ ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၅ ရက်တွင် PDF အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဘုန်းကုန်းကျေးရွာ၏ အနောက်ဘက် ၂ မိုင်ခန့်အကွာ လယ်ကွင်းများ၌ စပါးစိုက်ပျိုးနေကြသည့် ဒေသခံပြည်သူ ၂၁ ဦးနှင့် နွား၊ သိုး၊ ဆိတ်နှင့် လှည်းများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ အဆိုပါ ကျေးရွာသူ/ သားများအား ငွေကြေးဖြင့် ရွေးရန် အတင်းအဓမ္မခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများက ဖမ်းဆီးခံကျေးရွာသူ/သားများအား ပြန်လည်ကယ်တင်ပေးရန် နယ်မြေခံတပ်သို့ လာရောက်အကူအညီတောင်းခံခဲ့ပါသည်။

ဒေသခံပြည်သူများ၏ လာရောက်အကူအညီတောင်းခံမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေပြင်သတင်းဖော်ထုတ်၍ ဩဂုတ်လ ၉ ရက်၊ နံနက် ၁ နာရီခန့်တွင် PDF အကြမ်းဖက်



**PDF အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရာမှ ပြန်လည်လွတ်မြောက်လာသည့် ပြည်သူတစ်ဦးက ရင်တွင်းစကားသံများ ပြောပြနေမှု**

သမားများ၏ ယာယီအခြေပြုနေထိုင်သည့် ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာသို့ ဝင်ရောက်စီးနင်း ရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီ ၁၀ မိနစ် ခန့်တွင် အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံထားရသော အပြစ်မဲ့ဒေသခံပြည်သူ ၂၉ ဦးနှင့် မီးသတ်ဝန်ထမ်း ၁ ဦး၊ စုစုပေါင်း ၃၀ ဦးတို့အား ကယ်ထုတ်နိုင်ခဲ့ပါသည်။ ထို့အပြင် PDF အကြမ်းဖက်သမားများထံမှ လက်လုပ်စိန်ပြောင်း ၃ လက်၊ လက်လုပ် ဗုံးသီး ၄၂ လုံး၊ လက်လုပ်ရှော့တိုက်ဒုံး ၁၂ လုံး၊ လက်လုပ်သေနတ် ၄ လက်၊ မိုင်းမျိုးစုံ ၁၆ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပါသည်။

PDF အကြမ်းဖက်သမားများ၏ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် ကျေးရွာ သူ/သားများ၏ ရင်တွင်းစကားသံများမှာ-

- ဩဂုတ်လ ၅ ရက်တွင် PDF အကြမ်းဖက်သမားများက လယ်ယာလုပ်ကိုင်နေသည့် ဒေသခံပြည်သူများအား လက်ပြန်ကြိုးတုပ်၊ မျက်စိကို ပုဝါဖြင့် ပိတ်စည်း၍လည်းကောင်း၊ နွားကျောင်းသား၊ ဆိတ်ကျောင်းသားများနှင့်အတူ နွားအုပ်၊ သိုးနှင့် ဆိတ်အုပ်များ၊ စုစုပေါင်းအကောင်ရေ ၃၀၀ ကျော်အားလည်းကောင်း အတင်းအဓမ္မဖမ်းဆီးပြီး မည်သည့်ရွာသို့ ခေါ်သွားသည်ကို မသိရှိခဲ့ကြောင်း၊ ထွက်ပြေးလျှင် အကုန်သတ်ပစ်မည်ဟု ကြိမ်းဝါးပြောဆိုခဲ့ကြောင်း။
- ထို့နောက် PDF အကြမ်းဖက်သမားများက တစ်ယောက်ချင်း ထွက်ပြေးရန် စေခိုင်းခဲ့ရာ မိမိတို့အနေဖြင့် ထွက်မပြေးရဲသောကြောင့် သေအတူရှင်အတူနေမည်ဟု ဆုံးဖြတ်ခဲ့ပြီး အတူတူနေခဲ့ကြကြောင်း။
- နေရပ်သို့ပြန်ချင်လျှင် ငွေကြေးဖြင့် လာရောက်ရွေးရန် အတင်းအဓမ္မ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း၊ မိမိတို့တွင် ပေးဆောင်ရန် စုဆောင်းထားသည့် ငွေကြေး မရှိသဖြင့် အိမ်မွေးတိရစ္ဆာန်များကို ရောင်းချ၍ ရသည့်ငွေကြေးဖြင့် ဓားစားခံများကို ရွေးနုတ် ရည်ရွယ်ထားသော်လည်း မိမိတို့ပိုင်ဆိုင်သည့် အိမ်မွေး တိရစ္ဆာန်များကိုပါမချန် PDF အကြမ်းဖက်သမားများက ဖမ်းဆီးသွားသောကြောင့် သွားရောက်ရွေးရန် ဒုက္ခရောက်နေကြောင်း။
- တစ်ချို့ရွာများမှ ဖမ်းလာသောသူများအား ပိုက်ဆံတောင်းပြီး သတ်မှတ်ထားသည့် ပမာဏအတိုင်း မပေးနိုင်သည့်သူများကို သတ်ဖြတ်ခဲ့သည့်အပြင် ဦးခေါင်းဖြတ်ပြီး အလောင်းအား မူးချောင်းထဲသို့ ရေမျောခြင်းများ လုပ်ဆောင်ခဲ့သည်ကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြောင်း။
- ဩဂုတ်လ ၉ ရက်တွင် မိမိတို့အားလုံးကို အသက်ရှင်လျက် ပြန်လည်လွတ်မြောက်အောင် လာရောက်ကယ်ထုတ်ခဲ့သည့် ပြည်သူ့တပ်မတော်သားများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း။


- အချို့မီဒီယာများတွင် PDF အကြမ်းဖက်သမားများက ပြည်သူများအပေါ် ကာကွယ်စောင့်ရှောက်နေသယောင် သတင်းမှားများအား လုပ်ကြံဖန်တီးရေးသားနေကြသော်လည်း မိမိတို့လက်တွေ့ဘဝတွင် PDF အကြမ်းဖက်သမားများက ဒေသခံရွာသားများအပေါ် အနိုင်ကျင့်၊ နှိပ်စက်၊ သတ်ဖြတ်၊ ခေါင်းပြတိုက်မှုများ အပါအဝင် အကြမ်းဖက်မှုမျိုးစုံကို ကျူးလွန်နေကြကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်ခဲ့သည့်အပေါ် အလွန်တရာခံစားရကြောင်း ပြောကြားခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသော အပြစ်မဲ့ကျေးရွာသူ/သားများကို အတင်းချုပ်နှောင်ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို အကြပ်ကိုင် ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာ ရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်းများရရှိပါကလုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေးထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၃)**

- **ခင်ဦးမြို့နယ်၊ ရွာသန်းကျေးရွာရှိ နေအိမ် ၂ လုံးအတွင်း PDF အကြမ်းဖက်သမားများ၏ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် အပြစ်မဲ့ဒေသခံပြည်သူ ၂၉ ဦးနှင့် မီးသတ်ဝန်ထမ်း ၁ ဦး၊ စုစုပေါင်း ၃၀ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်ထုတ်နိုင်ခဲ့၊ ထို့အပြင် PDF အကြမ်းဖက်သမားများထံမှ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့။**
- **ဩဂုတ်လ ၅ ရက်တွင် PDF အကြမ်းဖက်သမားများက လယ်ယာလုပ်ကိုင်နေသည့် ဒေသခံပြည်သူများအား လက်ပြန်ကြိုးတုပ်၊ မျက်စိကို ပုဝါဖြင့် ပိတ်စည်း၍ အတင်းအဓမ္မဖမ်းဆီးပြီး ထွက်ပြေးလျှင် အကုန်သတ်ပစ်မည်ဟု ကြိမ်းဝါးပြောဆိုခဲ့။**
- **PDF အကြမ်းဖက်သမားများက တစ်ယောက်ချင်း ထွက်ပြေးရန်စေခိုင်းခဲ့ရာ မိမိတို့အနေဖြင့် ထွက်မပြေးရဲသောကြောင့် သေအတူရှင်အတူနေမည်ဟု ဆုံးဖြတ်ခဲ့ပြီး အတူတူနေခဲ့။**
- **တစ်ချို့ရွာများမှ ဖမ်းလာသောသူများအား ပိုက်ဆံတောင်းပြီး သတ်မှတ်ထားသည့် ပမာဏအတိုင်း မပေးနိုင်သည့်သူများကို သတ်ဖြတ်ခဲ့သည့်အပြင် ဦးခေါင်းဖြတ်ပြီး အလောင်းအား မူးချောင်းထဲသို့ ရေမျောခြင်းများ လုပ်ဆောင်ခဲ့သည်ကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့။**
- **အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ အပြစ်မဲ့ကျေးရွာသူ/သားများကို အတင်းချုပ်နှောင်ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို အကြပ်ကိုင် ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်။**

**PDF အကြမ်းဖက်သမားများ၏ ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် နေရာပြမြေပုံ**



# CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဖလမ်းမြို့ရှိ နယ်မြေခံ တပ်ဌာနချုပ်သို့ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်၊ အရာရှိ၊ စစ်သည်များ၏ စနစ်တကျခုခံ တိုက်ခိုက်မှုကြောင့် ထိခိုက်အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေး



**CNF အဖွဲ့နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ**

ချင်းပြည်နယ်၊ ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဩဂုတ်လ ၁၂ ရက်တွင် လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုကာ နေရာ ၄ နေရာခွဲ၍ အလစ်အငိုက်ချဉ်းကပ်ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် တပ်ရင်းလုံခြုံ ရေးအတွက် အသင့်စုဖွဲ့ထားရှိပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိမှုနှင့် ချက်ချင်းတုံ့ပြန် ပစ်ခတ်နိုင်မှုကြောင့် အကြမ်းဖက်အဖွဲ့များသည် တပ်ရင်းဌာနချုပ်အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အကျအဆုံးများစွာဖြင့် တပ်ရင်းဌာနချုပ်၏ အနောက်တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။

အဆိုပါ တပ်ရင်းဌာနချုပ်နေရာသို့ စစ်ကူစစ်ကြောင်းများမှလည်း အချိန်မီရောက်ရှိလာကာ ရန်သူဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိပြီး ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းများနှင့် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၈-၂၀၂၃)**

- **CNF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဩဂုတ်လ ၁၂ ရက်တွင် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ဌာန ချုပ်သို့ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်၊ အရာရှိ၊ စစ်သည်များ၏ စနစ်တကျခုခံ တိုက်ခိုက်မှုကြောင့် ထိခိုက်အကျအဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေး။**

## ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်သို့ လာရောက်တိုက်ခိုက်သည့် CNF နှင့် PDF အကြမ်းဖက်သမားများ သေဆုံးနေသည့် မှတ်တမ်းဓာတ်ပုံများ











# PDF အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ်၊ ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နယ်ငယ်များ၊ Drop Bomb များဖြင့် အကြောင်းမဲ့တိုက်ခိုက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ယမနေကျေးရွာအနီး လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား PDF အကြမ်းဖက်သမားများက ဩဂုတ်လ ၁၂ ရက်တွင် ကျေးရွာ၏ အရှေ့မြောက်ဘက်မှနေ၍ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drone များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ အလောင်းနှင့် ခဲယမ်းဆက်စပ်ပစ္စည်း အချို့သိမ်းဆည်းရမိခဲ့ပါသည်။

အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့၍ အသက် ၅ နှစ်နှင့် ၁၀ နှစ်အရွယ် ကလေးငယ် ၂ ဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၆ ဦး သေဆုံးခဲ့ပြီး ၃ ဦးမှာ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည့်အပြင် အခြေခံပညာမူလတန်း(လွန်)ကျောင်းအတွင်းမှ စာသင်ဆောင် အဆောက်အဦ ၂ လုံးမှာ လက်နက်ကြီးထိမှန် ပျက်စီးခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအတွင်းသို့ အကြောင်းမဲ့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ကလေးငယ်များအပါအဝင် ပြည်သူများ၏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် လူမဆန်သည့် လုပ်ရပ်ပင်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ၎င်းတို့၏လုပ်ရပ်အပေါ် ရွံရှာမုန်းတီးလျက်ရှိပါသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆက်လက်ဆေးဝါးကုသနိုင်ရေးအတွက် ကန့်ဘလူမြို့ရှိ ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ပါသည်။

အထက်ပါဖြစ်စဉ်မှ အပြစ်မဲ့ပြည်သူများအား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသည်အထိ လုပ်ဆောင်ခဲ့သော အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ နိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၈-၂၀၂၃)**

- **အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကန့်ဘလူမြို့နယ်၊ ယမနေကျေးရွာအတွင်းသို့ကျရောက် ပေါက်ကွဲခဲ့ပြီး အသက် ၅ နှစ်နှင့် ၁၀ နှစ်အရွယ် ကလေးငယ် ၂ ဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၆ ဦးသေဆုံးခဲ့၊ ၃ ဦးမှာ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည့်အပြင် စာသင်ဆောင် အဆောက်အဦ ၂ လုံးမှာ လက်နက်ကြီးထိမှန် ပျက်စီးခဲ့။**
- **အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအတွင်းသို့ အကြောင်းမဲ့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ကလေးငယ်များအပါအဝင် ပြည်သူများ၏ အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် လူမဆန်သည့် လုပ်ရပ်ပင်ဖြစ်။**

**PDF အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ်၊ ယမနေကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နယ်ငယ်များ၊ Drop Bomb များဖြင့် အကြောင်းမဲ့တိုက်ခိုက်ခဲ့သည့် နေရာပြပုံ**




---

## PDF အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ်၊ မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား အကြောင်းမဲ့မီးရှို့ဖျက်ဆီး

PDF အကြမ်းဖက်သမားများသည် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ မင်းရွာကျေးရွာအတွင်းသို့ ဩဂုတ်လ ၁၁ ရက်၊ နံနက် ၃ နာရီခန့်တွင် ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသည့် ဦးအုန်းဖေနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မိုးအပါအဝင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦးတို့အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့်အပြင် ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မီးရှို့ဖျက်ဆီးကာ ထွက်ပြေးသွားခဲ့ပါသည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူများ၏ အလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ မေတ္တာမွန် လူမှုကူညီရေးအသင်းပိုင် Alphard အမျိုးအစား မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့စဉ် နွားထိုးကြီး-မြင်းခြံသွားကားလမ်း၊ မိုးကန်ကျေးရွာအနီးသို့အရောက် လမ်းညာဘက် ၁၀ ပေခန့် အကွာမှ PDF အကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်းများဖြင့် ထပ်မံဖောက်ခွဲ တိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ကျောင်းသူ/ကျောင်းသားများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် ကျေးရွာစာသင်ကျောင်းအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့ခြင်းတို့သည် စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါလုပ်



ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံ့ရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၈-၂၀၂၃)**

- **PDF အကြမ်းဖက်သမားများသည် နွားထိုးကြီးမြို့နယ်၊ မင်းရွာကျေးရွာအတွင်းသို့ ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦးတို့အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့၊ ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မီးရှို့ဖျက်ဆီးခဲ့။**
- **သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူများ၏ အလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင် များက နွားထိုးကြီးမြို့နယ်ရှိ ပြည်သူ့ဆေးရုံသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့စဉ် နွားထိုးကြီး-မြင်းခြံသွားကားလမ်း၊ မိုးကန်ကျေးရွာအနီးသို့အရောက် PDF အကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်းများဖြင့် ထပ်မံဖောက်ခွဲ တိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့။**
- **အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ ကျောင်းသူ/ကျောင်းသားများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် ကျေးရွာစာသင်ကျောင်းအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့ခြင်းတို့သည် စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်။**